# တရားရေးဝန်ကြီးဌာန
# အရပ်ရပ်ဌာနခွဲ

ရန်ကုန်မြို့၊ ၁၃၂၂ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၇ ရက်။
(၁၉၆၁ ခု၊ ဧပြီလ ၆ ရက်။)

အမှတ် ၁၉၂။ ။ နိုင်ငံတော်သမ္မတသည်၊ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေပုဒ်မ ၃၇ (၁) အရ၊ တရားလွှတ်တော်နှင့်ညှိနှိုင်းတိုင်ပင်၍ ခရိုင်တရားမနှင့်စက်ရှင် တရားသူကြီးများလက်အောက်ခံဖြစ်သော တရားသူကြီးရာထူးများတွင် ဝင်ရောက်အမှုထမ်းရွက် လိုသောသူများပါဝင်သည့် ဝန်ထမ်းအဖွဲ့ရာထူးများအတွက် လိုအပ်သောအရည်အချင်းအဆင့်အတန်း သတ်မှတ်သည့်အောက်ပါနည်းဥပဒေများကို ပြဋ္ဌာန်းလိုက်သည်။

## ၁၉၅၆ ခုနှစ်၊ မြန်မာနိုင်ငံတရားဌာနဝန်ထမ်းအဖွဲ့ နည်းဥပဒေများ *

၁။ ။ ဤနည်းဥပဒေများကို ၁၉၅၆ ခုနှစ်၊ မြန်မာနိုင်ငံတရားဌာနဝန်ထမ်းအဖွဲ့နည်း ဥပဒေများဟု ခေါ်တွင်စေရမည်။

ဤနည်းဥပဒေများသည် ၁၉၅၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အတည်ဖြစ်သည် ဟု မှတ်ယူရမည်။

ဤနည်းဥပဒေများသည် ၁၉၄၆ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့စွဲဖြင့် တရားဌာနအထွေထွေ ဌာနခွဲ ပြန်တမ်းအမှတ် ၃၉၅ အရ ထုတ်ပြန်ခဲ့သည့်ကျေညာချက်ကိုလည်းကောင်း၊ ဤကိစ္စနှင့် စပ်လျဉ်း၍ ထုတ်ပြန်ခဲ့သည့် အခြားကျေညာချက်ကိုလည်းကောင်း ပယ်ဖျက်လိုက်သည်။

တရားဌာနဝန်ထမ်းအဖွဲ့များသို့ ဤနည်းဥပဒေများ မပြဋ္ဌာန်းမီက ခန့်ထားခဲ့ခြင်းများသည် ယခုနည်းဥပဒေများအရ ခန့်အပ်ခဲ့သည်ဟု ယူဆရမည်။

---

* *မြန်မာနိုင်ငံပြန်တမ်းအပိုင်း - ၁၊ ၁၉၆၁ ခုနှစ်၊ မေလ (၆) ရက်၊ စာမျက်နှာ - ၇၂၅။*

*(ဤနည်းဥပဒေသည် ၁၉၆၁ ခုနှစ်၊ ဧပြီလ (၆) ရက်နေ့တွင် ပြဋ္ဌာန်းသော်လည်း၊ ၁၉၅၆ ခုနှစ်၊ မြန်မာနိုင်ငံတရားရေး ဌာနဝန်ထမ်းအဖွဲ့နည်းဥပဒေများဟု ခေါ်တွင်စေရမည်ဟု ပြဋ္ဌာန်းခဲ့ပြီး ၁၉၅၆ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့ မှစ၍ အာဏာတည်ကြောင်း ပြဋ္ဌာန်းခဲ့သဖြင့် ၁၉၅၆ ခုနှစ်၊ နည်းဥပဒေများစာရင်းတွင် ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။)*

၂။ ။ မြန်မာနိုင်ငံတရားဌာနဝန်ထမ်းအဖွဲ့တွင် မြန်မာနိုင်ငံတရားဌာနဝန်ထမ်း (အကြီးတန်း) နှင့် မြန်မာနိုင်ငံတရားဌာနဝန်ထမ်း (အငယ်တန်း) ဟူ၍ အဖွဲ့နှစ်ဖွဲ့ရှိစေရမည်။ အောက်တွင်ဖော်ပြသည့် ကဏ္ဍ "က" ၌ ပါရှိသော နည်းဥပဒေများသည်၊ မြန်မာနိုင်ငံတရားဌာနဝန်ထမ်း (အကြီးတန်း) အဖွဲ့နှင့်သက်ဆိုင်၍ ကဏ္ဍ "ခ" ၌ပါရှိသော နည်းဥပဒေများသည် မြန်မာနိုင်ငံတရားဌာနဝန်ထမ်း (အငယ်တန်း) အဖွဲ့နှင့် သက်ဆိုင်စေရမည်။

၃။ ။ မြန်မာနိုင်ငံတရားဌာနဝန်ထမ်း (အကြီးတန်း)နှင့် မြန်မာနိုင်ငံတရားဌာနဝန်ထမ်း (အငယ်တန်း) ရာထူးဦးရေနှင့် ထိုရာထူးများ၌ ခန့်ထားရေးကိစ္စမှာ ဤနည်းဥပဒေများတွင် နောက်ဆက်တွဲအဖြစ် ဖော်ပြပါရှိသည့် စာရင်းအတိုင်းဖြစ်စေရမည်။

## ကဏ္ဍ "က" မြန်မာနိုင်ငံတရားဌာနဝန်ထမ်း (အကြီးတန်း)

### အပိုင်း ၁၊ ရာထူးခန့်အပ်ခြင်း

၄။ ။ ပြင်ပမှ အရည်အချင်းပြည့်ဝသည့် ပုဂ္ဂိုလ်များကို တိုက်ရိုက်ခန့်အပ်၍သော်လည်းကောင်း၊ နိုင်ငံတော်အစိုးရက ပြဋ္ဌာန်းထားသော ဌာနဆိုင်ရာစာမေးပွဲတို့ကို အထက်တန်းဖြင့် အောင်မြင်ပြီးဖြစ်သည့် မြန်မာနိုင်ငံတရားဌာနဝန်ထမ်း (အငယ်တန်း) အဖွဲ့ဝင်များထဲမှ သေချာစေ့ငုစွာ ရွေးချယ် စိစစ်၍ ရာထူးတိုးမြှင့်ပေးခြင်းအားဖြင့်သော်လည်းကောင်း၊ မြန်မာနိုင်ငံတရားဌာနဝန်ထမ်း (အကြီးတန်း) အဖွဲ့တွင် ခန့်ထားရမည်။ မြန်မာနိုင်ငံတရားဌာနဝန်ထမ်း (အငယ်တန်း) အဖွဲ့ဝင်များသည် အခြားနည်းအားဖြင့် အရည်အချင်းပြည့်စုံခဲ့လျှင် အထက်ပါအဖွဲ့သို့ တိုက်ရိုက်ခန့်ထားခြင်း ခံရသည့် အခွင့်အရေး ရရှိစေရမည်။

၅။ ။ မြန်မာနိုင်ငံတရားဌာနဝန်ထမ်း (အကြီးတန်း)အဖွဲ့တွင် ရာထူးနေရာများ လစ်လပ်လျှင် ပြင်ပမှ တိုက်ရိုက်ခန့်ထားရမည့် ဦးရေနှင့်ရာထူးတိုးမြှင့်ခန့်ထားရမည့်ဦးရေကို ထက်ဝက်စီသတ်မှတ်၍ ဖြည့်စွက်ခန့်အပ်ရမည်။

၆။ ။ မြန်မာနိုင်ငံတရားဌာနဝန်ထမ်း (အငယ်တန်း) အဖွဲ့ဝင်များထဲမှ မြန်မာနိုင်ငံတရားဌာနဝန်ထမ်း (အကြီးတန်း) အဖွဲ့သို့ အမြဲတန်းရာထူးတိုးမြှင့်ခန့်ထားခြင်းခံရသူတစ်ဦးအား၊ ရာထူးသက်ကြီးစဉ်ငယ်လိုက်စာရင်းတွင် အမှုထမ်းသက်တစ်နှစ်မပြည့်သေးသော ပြင်ပမှ တိုက်ရိုက် ခန့်ထားခြင်းခံရသူများ၏အထက်တွင် နေရာချထားပေးရမည်။

၇။ ။ မြန်မာနိုင်ငံတရားဌာနဝန်ထမ်း (အကြီးတန်း)အဖွဲ့သို့ ပြင်ပမှ တိုက်ရိုက်ခန့်ထားခြင်းခံရမည့်သူသည် —

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်၍ မြန်မာဘာသာကိုကောင်းမွန်စွာ တတ်ကျွမ်းနားလည်ရမည်။

(ခ) ရာထူးလျှောက်ထားသည့်ခုနှစ်၏ ဇန်နဝါရီ ၁ ရက်နေ့တွင် အသက် ၃၂ နှစ်အောက်ဖြစ်ရမည်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ရမည်။

(ဃ) မိမိနှင့်သက်ဆိုင်သည့် ခရိုင်ဆေးရုံ၏ ဆရာဝန်ကြီးထံမှ မြန်မာနိုင်ငံတရားဌာနဝန်ထမ်း (အကြီးတန်း)အဖွဲ့၌ အမှုထမ်းရွက်နိုင်ကြောင်း ကျန်းမာရေးဆေးလက်မှတ်ကို ရယူတင်ပြရမည်။

(င) (၁) ရန်ကုန်တက္ကသိုလ်မှဖြစ်စေ၊ နိုင်ငံတော်အစိုးရက အသိအမှတ်ပြုပြီးဖြစ်သည့် အခြားတက္ကသိုလ်မှဖြစ်စေ၊ ဥပဒေဝိဇ္ဇာဘွဲ့ရရှိရမည်၊ သို့တည်းမဟုတ်

(၂) အင်္ဂလန်နိုင်ငံ၊ သို့တည်းမဟုတ် အိုင်ယာလန်နိုင်ငံမှ ဝတ်လုံဘွဲ့ရရှိပြီးနောက် အမှုလိုက်လဲဆောင်ရွက်ခွင့်ရရှိပြီးဖြစ်ရမည်။ သို့တည်းမဟုတ်

(၃) ရန်ကုန်မြို့၊ တရားလွှတ်တော်၌ လွှတ်တော်ရှေ့နေအဖြစ်ဖြင့် အမှုလိုက်လဲဆောင်ရွက်ခွင့်ရရှိပြီးဖြစ်ရမည်။

မှတ်ချက် ။ ။ အထက်ပါနည်းဥပဒေ၌ ပြဋ္ဌာန်းထားသော အသက်ကန့်သတ်ချက်နှင့်စပ်လျဉ်း၍ လျှော့ပေါ့စဉ်းစားစေရန်အလို့ငှာ အထူးကိစ္စရပ်များတွင် တရားလွှတ်တော်သည် ပြည်ထောင်စု ရာထူးဝန်အဖွဲ့သို့ ထောက်ခံနိုင်သည်။

### အပိုင်း ၂ အစမ်းခန့်အပ်ခြင်း

၈။ ။ မြန်မာနိုင်ငံ တရားဌာနဝန်ထမ်း (အကြီးတန်း) အဖွဲ့သို့ တိုက်ရိုက်ခန့်ထားခြင်းခံရသူအား၊ ၂ နှစ်တာမျှ အစမ်းသဘောဖြင့်ထားရမည်။ အဆိုပါသူသည် မိမိအားခန့်ထားသည့်နေ့မှစ၍ ၂ နှစ်တာမျှ အချိန်ကာလအတွင်း အမြဲတမ်းခန့်အပ်ခြင်းမခံရပါလျှင် နိုင်ငံတော်သမ္မတသည် အချိန်ကာလမရွေးကြိုတင်အကြောင်းကြားခြင်းမပြုမူဘဲ ထိုသူ၏အမှုထမ်းရွက်ခြင်းကို ရပ်စဲနိုင်သည်၊ သို့တည်းမဟုတ် ထိုသူ၏ မူလရာထူးတားပိုင်ခွင့်ရှိသည့် ရာထူးသို့ ပြန်လည်လျှော့ချနိုင်သည်။

ခြွင်းချက်။ ။ တိုက်ရိုက်ခန့်အရာရှိတစ်ဦးသည် ပြဋ္ဌာန်းထားသောဌာနဆိုင်ရာ စာမေးပွဲများကိုအောင်မြင်၍ မြန်မာနိုင်ငံတရားဌာနဝန်ထမ်း (အကြီးတန်း)အဖွဲ့တွင် ပါရှိသည့်ရာထူးတစ်ခုကို တာဝန်ယူနိုင်မည်ဟုယုံကြည်လျှင် ၎င်း (၂) နှစ်တာမျှ အချိန်ကာလ မကုန်ဆုံးမီ အမြဲတမ်းခန့်ထားနိုင်သည်။

၉။ ။ နိုင်ငံတော်အစိုးရက ပြဋ္ဌာန်းထားသည့် ဌာနဆိုင်ရာစာမေးပွဲများကို အထက်တန်းဖြင့် အောင်မြင်မှသာလျှင် မြန်မာနိုင်ငံတရားဌာန ဝန်ထမ်း (အကြီးတန်း) အဖွဲ့ရှိ ရာထူးတွင် အမြဲတမ်းခန့်ထားရမည်။

## အပိုင်း ၃၊ လစာငွေ

၁၀။ ။ မြန်မာနိုင်ငံတရားဌာနဝန်ထမ်း (အကြီးတန်း)အဖွဲ့မှ အရာရှိများသည် အောက်ဖော်ပြပါ လစာနှုန်းများအတိုင်း လစာငွေရရှိရမည်။

(၁) ၁၉၃၁ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်နေ့မတိုင်မီက အဖွဲ့တွင် ဝင်ရောက်အမှုထမ်းနေသူများသည် လစာနှုန်းကျပ်၊ ၃၅၀ -၂၅- ၇၅၀- ၃၀- ၉၀၀ (ကျပ် ၅၅၀ နှုန်းထားနှင့် ၇၅၀ နှုန်းထားများကျော်လွန်လျှင် လုပ်ရည်ကိုင်ရည်ဆက်လက်ကြေနပ်ဖွယ်ရာရှိမှ နှစ်တိုးလစာ ခံစားခွင့်ရရှိမည်ဟူသော ခြွင်းချက်ဖြင့်) ရရှိရမည်။

(၂) ၁၉၃၉ ခုနှစ်တွင်၊ မေလ (၂၀) ရက်နေ့တွင်ဖြစ်စေ၊ ထိုနေ့ရက်နောက် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်နေ့မတိုင်မီဖြစ်စေ အဖွဲ့တွင် ခန့်ထားခြင်းခံရသူများသည် လစာနှုန်းကျပ် ၃၀၀ -၂၀ - ၇၀၀ (ကျပ် ၄၀၀ နှုန်းထားနှင့် ၆၀၀ နှုန်းထားများ ကျော်လွန်ရန် လုပ်ရည်ကိုင်ရည်ဆက်လက် ကြေနပ်ဖွယ်ရာရှိမှ နှစ်တိုးလစာခံစားခွင့် ရရှိမည်ဟူသော ခြွင်းချက်ဖြင့်) ရရှိရမည်။

(၃) ၁၉၄၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင်ဖြစ်စေ၊ ထိုနေ့ရက်နောက်တွင်ဖြစ်စေ အဖွဲ့တွင် ခန့်ထားခြင်းခံရသူများသည် လစာနှုန်းကျပ် ၃၅၀ - ၂၅ - ၇၀၀ ရရှိရမည်။

တိုက်ရိုက်ခန့်ထားခြင်းခံရသည့်အရာရှိများသည် အစမ်းခန့်ထားခြင်းခံရသည့်အချိန်ကာလအတွင်း တစ်လလျှင် လစာငွေကျပ် ၃၅၀ ထုတ်ယူ၍ အမြဲတမ်းခန့်ထားခြင်းခံရသည့်အခါမှသာလျှင် နှစ်တိုးလစာထုတ်ယူခံစားခွင့်ရရှိမည်။ သို့ရာတွင် အစမ်းခန့်ထားခြင်းခံရသည့်အချိန်ကာလအတွင်းက သာမန်အားဖြင့် ခံစားခွင့်ရမည့်နှစ်တိုးလစာဟောင်းများကို ထုတ်ယူစေခွင့်မပြုဘဲ၊ အမြဲတန်းခန့်ထားခြင်းခံရသည့်နေ့တွင် အမှန်တကယ်ရရှိမည့်လစာငွေကို သတ်မှတ်ပေးရမည်။

မြန်မာနိုင်ငံတရားဌာနဝန်ထမ်း (အငယ်တန်း) အဖွဲ့မှ ရာထူးတိုးမြှင့်ခန့်ထားခြင်းခံရသည့် အရာရှိများသည် လစာနှုန်းကျပ် ၃၅၀ - ၂၅ - ၇၀၀ တွင် ကျပ် ၃၅၀ မှစတင်ထုတ်ယူခွင့်ရှိစေရမည်။

၁၉၃၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မတိုင်မီ၊ တရားဌာနဝန်ထမ်း၌ ခန့်ထားခြင်းခံရသည့် အရာရှိဖြစ်လျှင် နိုင်ငံတော်သမ္မတ၏ သီးခြားအခွင့်မရဘဲသော်လည်းကောင်း၊ ထိုနေ့ရက်နောက်တွင်

ခန့်ထားခြင်းခံရ သူဖြစ်လျှင် တရားလွှတ်တော်၏ သီးခြားအခွင့်အမိန့်မရဘဲသော်လည်းကောင်း၊ လစာငွေကို နည်းဥပဒေခွဲ (၁) ၌ ဖော်ပြထားသည့်နှုန်းတွင်ကျပ် ၅၅၀ နှင့်ကျပ် ၇၅၀ထက်သော် လည်းကောင်း၊ နည်းဥပဒေခွဲ (၂) ၌ ဖော်ပြထားသည့် နှုန်းများတွင် ကျပ် ၄၀၀ နှင့် ကျပ် ၆၀၀ ထက်သော်လည်းကောင်း ပို၍ထုတ်မယူရ။

ထိုသီးခြားအခွင့်အမိန့်ကို အောက်ပါအချက်အလက်များနှင့် ပြည့်စုံမှ ထုတ်ပေးရမည်။

(၁) ဌာနဆိုင်ရာစာမေးပွဲအားလုံးကို အထက်တန်းဖြင့်အောင်မြင်ခြင်း။

(၂) ထိုသူ၏ အလုပ်အကိုင်နှင့်အပြုအမူမှာ ကြေနပ်ဖွယ်ရာရှိခြင်း။

(၃) တရားဌာနဝန်ထမ်း အထက်တန်းရာထူးများအနက်မှ ရာထူးတစ်ခုခုကို အသင့် အတင့်ထမ်းရွက်နိုင်သည့် အရည်အချင်းရှိသည်ဟု ယူဆနိုင်ခြင်း။

၁၁။ ။ ဤနည်းဥပဒေများ၌ ပြဋ္ဌာန်းထားခြင်းမရှိသည့် အခြားကိစ္စဟူသမျှတွင် အခြား အလားတူ ဝန်ထမ်းအဖွဲ့ဝင်အရာရှိများနှင့် သက်ဆိုင်သည့် နည်းဥပဒေများတို့သည်၊ မြန်မာနိုင်ငံ တရားဌာနဝန်ထမ်း (အကြီးတန်း) အဖွဲ့နှင့်သက်ဆိုင်စေရမည်။

၁၂။ ။ မြန်မာနိုင်ငံတရားဌာနဝန်ထမ်း (အကြီးတန်း)အဖွဲ့ဝင်အရာရှိများအား ထိုရာထူး ထက်ကြီးမြင့်သောရာထူးများသို့ တိုးမြှင့်ခန့်အပ်ရာတွင် ရာထူးသက် ကြီးစဉ်ငယ်လိုက်စာရင်းတွင် မှတ်စဉ်အတိုင်းမဟုတ်မူ၍ လုပ်ရည်ကိုင်ရည်အရည်အချင်းကို သေချာစေ့ငုစွာ ရွေးချယ်စိစစ်၍ ပြုလုပ်ရမည်။ အရည်အချင်းတူညီပါမူ၊ ရာထူးသက်ကြီးစဉ်ငယ်လိုက် စာရင်းအတိုင်း အခွင့်အရေး ပေးရမည်။

## ကဏ္ဍ "ခ" မြန်မာနိုင်ငံတရားဌာနဝန်ထမ်း (အငယ်တန်း)

### အပိုင်း ၁၊ ရာထူးခန့်အပ်ခြင်း

၁၃။ ။ ပြင်ပမှ အရည်အချင်းပြည့်ဝသည့်ပုဂ္ဂိုလ်များကို တိုက်ရိုက်ခန့်အပ်၍သော် လည်းကောင်း၊ တရားရုံးများ၌ဖြစ်စေ၊ တရားလွှတ်တော်နှင့်တရားလွှတ်တော်ကို ကြီးကြပ် အုပ်ချုပ်ရသည့် ရုံးများ၌ဖြစ်စေ အမှုထမ်းရွက်နေကြသည့် စာရေးစာချီအမှုထမ်းများထဲမှ ရွေးချယ် စိစစ်၍သော်လည်းကောင်း၊ မြန်မာနိုင်ငံတရားဌာနဝန်ထမ်း (အငယ်တန်း)အဖွဲ့တွင် ခန့်ထားရမည်။

၁၄။ ။ မြန်မာနိုင်ငံတရားဌာန (ဝန်ထမ်း)အဖွဲ့တွင် ရာထူးနေရာများလစ်လပ်လျှင် ငါးပုံ တစ်ပုံကို စာရေးစာချီအမှုထမ်းများထဲမှ ရွေးချယ်၍လည်းကောင်း၊ ကျန်ရှိသောငါးပုံလေးပုံကို တိုက်ရိုက်ခန့်ထား၍လည်းကောင်း ဖြည့်စွက်ခန့်အပ်ရမည်။

ခြွင်းချက်။ ။ တရားလွှတ်တော်၏ ထင်မြင်ယူဆချက်အရ ရွေးချယ်ရန်အတွက်သော်လည်းကောင်း၊ တိုက်ရိုက်ခန့်ထားရန်အတွက်သော်လည်းကောင်း သင့်လျော်သူများ လုံလောက်စွာမရရှိနိုင်လျှင် နည်းဥပဒေတွင် ဖော်ပြထားသည့် အချိုးအစားကို လိုအပ်သလို ပြောင်းလဲပြင်ဆင်နိုင်သည်။

၁၅။ ။ (၁) တရားလွှတ်တော်ချုပ်၊ တရားလွှတ်တော်၊ ရန်ကုန်မြို့တော်တရားမရုံး၊ နိုင်ငံတော်အမွေနှင့် ပစ္စည်းထိန်းဝန်ရုံး၊ ခရိုင်တရားမနှင့် စက်ရှင်တရားသူကြီး၏ စီရင်အုပ်ချုပ်ခြင်းခံရသောရုံး စသည့်တရားရုံးများ၌ အမြဲတမ်းရာထူးများတွင် အမှုထမ်းရွက်နေကြသည့် စာရေးစာချီများကို ရွေးချယ်စိစစ်၍ မြန်မာနိုင်ငံတရားဌာနဝန်ထမ်း (အငယ်တန်း) အဖွဲ့တွင် ခန့်ထားရမည်။ ယင်းသို့ ခန့်ထားခြင်းခံထိုက်သူသည် —

(က) မိမိအမှုထမ်းရွက်ရသည့် တရားလွှတ်တော်ချုပ်၏ အတွင်းဝန်၊ သို့တည်းမဟုတ် တရားလွှတ်တော်၏ အတွင်းဝန်၊ သို့တည်းမဟုတ် ရန်ကုန်မြို့တော်တရားမရုံး၊ တရားသူကြီးချုပ်၊ သို့တည်းမဟုတ် နိုင်ငံတော်အမွေနှင့် ပစ္စည်းထိန်းဝန် သို့တည်းမဟုတ် ခရိုင်တရားမနှင့် စက်ရှင်တရားသူကြီး စသည့် ဆိုင်သင့်ရာ ရာဌာနအကြီးအကဲက ထောက်ခံသူဖြစ်ရမည်။

(ခ) အဆက်မပြတ် ခုနှစ်နှစ်အမှုထမ်းသက် (ခေတ္တနှင့်ယာယီအပါအဝင်ဖြစ်သည့်) ရှိသူဖြစ်ရမည်။

(ဂ) ရာထူးလျှောက်ထားသည့်နှစ်၏ ဇန်နဝါရီလ ၁ ရက်နေ့တွင် အသက် ၃၁ နှစ်အောက်တွင်ရှိရမည်။

(ဃ) မိမိနှင့်သက်ဆိုင်သည့် ခရိုင်ဆေးရုံ၏ ဆရာဝန်ကြီး၊ သို့တည်းမဟုတ် မြို့နယ်ဆေးရုံ၏ ဆရာဝန်ကြီးတစ်ဦးထံမှ မြန်မာနိုင်ငံတရားဌာနဝန်ထမ်း (အငယ်တန်း) အဖွဲ့၌ အမှုထမ်းရွက်နိုင်ကြောင်း ကျန်းမာရေးဆေးလက်မှတ်ကို ရယူတင်ပြစေရမည်။

(၂) နိုင်ငံတော်သမ္မတသည်၊ မြန်မာနိုင်ငံတရားဌာနဝန်ထမ်း (အငယ်တန်း)အဖွဲ့သို့ စာရေးစာချီများထဲမှ ရွေးချယ်ခန့်ထားရာ၌ မိမိက သင့်လျော်မည်ဟု ထင်မြင်သည့် ရေးဖြေစာမေးပွဲ၊ သို့တည်းမဟုတ် နှုတ်ဖြေစာမေးပွဲ၊ သို့တည်းမဟုတ် နှစ်မျိုးစလုံးကို ပြုလုပ်ရန် သတ်မှတ်နိုင်သည်။

မှတ်ချက် ။ ။ အထက်ပါနည်းဥပဒေ၌ပြဋ္ဌာန်းထားသော အသက်ကန့်သတ်ချက်နှင့်စပ်လျဉ်း၍ လျော့ပေါ့ စဉ်းစားစေရန်အလို့ငှာ အထူးကိစ္စရပ်များတွင် တရားလွှတ်တော်သည် ပြည်ထောင်စု ရာထူးဝန်အဖွဲ့သို့ ထောက်ခံနိုင်သည်။

၁၆။ ။ မြန်မာနိုင်ငံတရားဌာနဝန်ထမ်း (အငယ်တန်း) အဖွဲ့တွင် ပြင်ပမှ တိုက်ရိုက်ခန့်ထားခြင်းခံရမည့်သူသည် —

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်၍ မြန်မာဘာသာကို ကောင်းမွန်စွာ တတ်ကျွမ်းနားလည်ရမည်။

(ခ) ရာထူးလျှောက်ထားသည့်နှစ်၏ ဇန်နဝါရီလ ၁ ရက်နေ့တွင် အသက်(၃၀) နှစ်အောက်ဖြစ်ရမည်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ရမည်။

(ဃ) မိမိနှင့်သက်ဆိုင်သည့်ခရိုင်ဆေးရုံ၏ ဆရာဝန်ကြီး၊ သို့တည်းမဟုတ် မြို့နယ်ဆေးရုံ၏ ဆရာဝန်ကြီးတစ်ဦးထံမှ မြန်မာနိုင်ငံတရားဌာနဝန်ထမ်း (အငယ်တန်း) အဖွဲ့၌ အမှုထမ်းရွက်နိုင်ကြောင်း ကျန်းမာရေးဆေးလက်မှတ်ကို ရယူတင်ပြရမည်။

(င) ရန်ကုန်တက္ကသိုလ်၊ သို့မဟုတ် မန္တလေးတက္ကသိုလ်မှ ဘွဲ့ရရှိသူသော်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း အထက်တန်းရှေ့နေအဖြစ်ဖြင့် အမှုလိုက် လဲဆောင်ရွက်နိုင်ခွင့်ရှိသူသော်၎င်း ဖြစ်ရမည်။

မှတ်ချက် ၁။ ။ အထက်ပါနည်းဥဒေ၌ ပြဋ္ဌာန်းထားသော အသက်ကန့်သတ်ချက်နှင့်စပ်လျဉ်း၍ လျှော့ပေါ့ စဉ်းစားစေရန်အလို့ငှာ၊ အထူးကိစ္စရပ်များတွင် တရားလွှတ်တော်သည် ပြည်ထောင်စု ရာထူးဝန်အဖွဲ့သို့ ထောက်ခံနိုင်သည်။

မှတ်ချက် ၂။ ။ ရာထူးလျှောက်ထားသူများသည် မြန်မာနိုင်ငံတရားဌာနဝန်ထမ်း (အငယ်တန်း) အဖွဲ့၌ ခန့်ထားရန်အတွက် အရွေးချယ်မခံမီ အရည်အချင်းစစ်စာမေးပွဲအဖြစ်ဖြင့် တရားဥပဒေဘာသာရပ်တွင် လွယ်ကူသည့် စာမေးပွဲတစ်ရပ်ဖြေဆိုရမည်။

## အပိုင်း ၂။ အစမ်းခန့်အပ်ခြင်း

၁၇။ ။ မြန်မာနိုင်ငံတရားဌာနဝန်ထမ်း (အငယ်တန်း) အဖွဲ့သို့ တိုက်ရိုက်ခန့်ထားခြင်းခံရသူကို ၂ နှစ်တာမျှ အစမ်းသဘောဖြင့် ထားရမည်။ အဆိုပါ တိုက်ရိုက်ခန့်ထားခြင်းခံရသူသည် မိမိအားခန့်ထားသည့် နေ့မှစ၍ ၂ နှစ်တာမျှ အချိန်ကာလအတွင်း အမြဲတန်းခန့်အပ်ခြင်းမခံရပါလျှင် နိုင်ငံတော်သမ္မတသည် အချိန်ကာလမရွေး ကြိုတင်အကြောင်းကြားခြင်းမပြုမူဘဲ ထိုသူ၏အမှုထမ်းရွက်ခြင်းကို ရပ်စဲနိုင်သည်။ သို့တည်းမဟုတ် ထိုသူ၏ မူလရာထူးထားပိုင်ခွင့် ရှိသည့်ရာထူးသို့ ပြန်လည် လျှော့ချနိုင်သည်။

ခြွင်းချက် ။ ။ တိုက်ရိုက်ခန့်အရာရှိတဦးသည် ပြဋ္ဌာန်းထားသော ဌာနဆိုင်ရာစာမေးပွဲများကို အောင်မြင်၍ မြန်မာနိုင်ငံတရားရေးဝန်ထမ်း (အငယ်တန်း)အဖွဲ့တွင်ပါရှိသည့် ရာထူးတခုကို

တာဝန်ယူနိုင်မည်ဟု ယုံကြည်လျှင် ၎င်းအား ၂ နှစ်တာမျှ အချိန်ကာလမကုန်ဆုံးမီအတွင်း အမြဲတန်း ခန့်ထားနိုင်သည်။

၁၈။ ။ နိုင်ငံတော်အစိုးရက ပြဋ္ဌာန်းထားသည့် ဌာနဆိုင်ရာ စာမေးပွဲများကို အောက်တန်းဖြင့် အောင်မြင်မှသာလျှင် မြန်မာနိုင်ငံတရားဌာနဝန်ထမ်း (အငယ်တန်း) အဖွဲ့ရှိရာထူးတွင် အမြဲတန်း ခန့်ထားရမည်။

## အပိုင်း ၃၊ လစာငွေ

၁၉။ ။ ၁၉၃၉ ခုနှစ်၊ မေလ ၂၀ ရက်နေ့တွင်ဖြစ်စေ၊ ထိုနေ့ရက်နောက်တွင်ဖြစ်စေ၊ ၁၉၄၈ ခု၊ ဧပြီလ ၁ ရက်နေ့မတိုင်မီဖြစ်စေ ရာထူးခန့်ထားခြင်းခံရသူများသာ ၁၉၃၉ ခုနှစ်၊ မေလ ၂၀ ရက်နေ့စွဲပါ ဘဏ္ဍာရေးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၅၅ တွင် ထုတ်ပြန်ကြေညာခဲ့သည့် ၁၉၃၉ ခုနှစ်၊ ယာယီအရာရှိများ ခန့်ထားခြင်းနည်းဥပဒေများ၏ ပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်ထားသည့် လစာနှုန်းများအတိုင်း ထုတ်ယူ ရမည်။

၂၀။ ။ ၁၉၄၈ ခု၊ ဧပြီလ ၁ ရက်နေ့တွင်ဖြစ်စေ၊ ထိုနေ့ရက်နောက်တွင်ဖြစ်စေ၊ မြန်မာနိုင်ငံတရားရေး ဝန်ထမ်း (အငယ်တန်း)အဖွဲ့သို့ ခန့်ထားခြင်းခံရသော အရာရှိများသည် အငယ်တန်း ဝန်ထမ်းအဖွဲ့များအားလုံးအတွက် လစာကော်မရှင်က ထောက်ခံသည့် လစာနှုန်းကျပ် ၂၀၀-၁၀-၃၀၀ အတိုင်း ထုတ်ယူခွင့် ရှိစေရမည်။

၂၁။ ။ ဤနည်းဥပဒေများ၌ ပြဋ္ဌာန်းထားခြင်းမရှိသည့် အခြားကိစ္စ ဟူသမျှ မြန်မာနိုင်ငံ တရားရေးဌာနဝန်ထမ်း (အငယ်တန်း) အဖွဲ့ဝင်အရာရှိများသည် အခြားဝန်ထမ်းအဖွဲ့ဝင်အရာရှိ များနှင့် ယေဘုယျသက်ဆိုင်သည့် နည်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရမည်။

## ဇယား က

မြန်မာနိုင်ငံတရားဌာနဝန်ထမ်း (အကြီးတန်း) အဖွဲ့တွင် ခွင့်ပြုထားသည့် ရာထူးဦးရေနှင့် ထိုရာထူး နှင့် ဆက်သွယ်လျက်ရှိသည့် ရာထူးများစာရင်းကို နောက်ဆက်တွဲအဖြစ် ဖော်ပြထားပါသည်။

**ဇယား ၁**

မြန်မာနိုင်ငံ တရားဌာနဝန်ထမ်း (အငယ်တန်း) အဖွဲ့တွင် ခွင့်ပြုထားသည့် ရာထူးဦးရေနှင့် ထို ဝန်ထမ်းများ အဖွဲ့နှင့် ဆက်သွယ်လျက်ရှိသည့် ရာထူးစာရင်းကို နောက်ဆက်တွဲအဖြစ် ဖော်ပြထားပါသည်။

အမိန့်အရ၊

မောင်မောင်၊

အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊

တရားရေးဝန်ကြီးဌာန။

ဇယား က(Schedule A)

မြန်မာနိုင်ငံတရားဌာနဝန်ထမ်း (အကြီးတန်း)

တရားမဝန်ထောက်များနှင့် တရားလွှတ်တော်၊ အရပ်ရပ်ဌာန

ဒုတိယအတွင်းဝန် ရာထူး ၃၆ နေရာ

၁။ ဒုတိယအတွင်းဝန်၊ အရပ်ရပ်ဌာနခွဲ၊ တရားလွှတ်တော်၊ ရန်ကုန်မြို့။

၂။ တရားသူကြီး၊ နယ်ပိုင်တရားမရုံးများ၊ စစ်တွေမြို့၊ မောင်းတောမြို့၊ မြို့ဟောင်းမြို့နှင့် မင်းပြားမြို့။

၃။ တရားသူကြီး၊ နယ်ပိုင်တရားမရုံးများ၊ တွံတေးနှင့် သံလျင်မြို့ (ရန်ကုန်မြို့၌ရုံးစိုက်သည်)။

၄။ တရားသူကြီး၊ နယ်ပိုင်တရားမရုံးများ၊ အင်းစိန်မြို့နှင့် တိုက်ကြီးမြို့။

၅။ တရားသူကြီး၊ နယ်ပိုင်တရားမရုံးများ၊ သာယာဝတီမြို့နှင့် ဇီးကုန်းမြို့။

၆။ တရားသူကြီး၊ နယ်ပိုင်တရားမရုံးများ၊ ပဲခူးမြို့၊ ညောင်လေးပင်မြို့နှင့် ရွှေကျင်မြို့။

၇။ တရားသူကြီး၊ နယ်ပိုင်တရားမရုံးများ၊ ပြည်မြို့နှင့် ပေါင်းတည်မြို့။

၈။ တရားသူကြီး၊ နယ်ပိုင်တရားမရုံးများ၊ ပုသိမ်မြို့နှင့် ကျုံပျော်မြို့၊

၉။ တရားသူကြီး၊ နယ်ပိုင်တရားမရုံးများ၊ ဟင်္သာတမြို့။

၁၀။ တရားသူကြီး၊ နယ်ပိုင်တရားမရုံးများ၊ မြန်အောင်မြို့။

၁၁။ တရားသူကြီး၊ နယ်ပိုင်တရားမရုံးများ၊ မြောင်းမြမြို့နှင့် ဝါးခယ်မမြို့။

၁၂။ တရားသူကြီး၊ နယ်ပိုင်တရားမရုံးများ၊ မအူပင်မြို့နှင့် ညောင်တုန်းမြို့။

၁၃။ တရားသူကြီး၊ နယ်ပိုင်တရားမရုံးများ၊ ဖျာပုံမြို့နှင့် ကျိုက်လတ်မြို့။

၁၄။ တရားသူကြီး၊ နယ်ပိုင်တရားမရုံးများ၊ တောင်ငူမြို့နှင့် ဖြူးမြို့။

၁၅။ တရားသူကြီး၊ နယ်ပိုင်တရားမရုံးများ၊ မြိတ်မြို့နှင့် ဝိတိုရိယပွိုင့်။

၁၆။ တရားသူကြီး၊ နယ်ပိုင်တရားမရုံးများ၊ ထားဝယ်မြို့။

၁၇။ တရားသူကြီး၊ နယ်ပိုင်တရားမရုံးများ၊ သထုံမြို့နှင့် ကျိုက်ထိုမြို့။

၁၈။ တရားသူကြီး၊ နယ်ပိုင်တရားမရုံးများ၊ မော်လမြိုင်မြို့၊ ကျိုက္ကမီမြို့၊ ကော့ကရိတ်မြို့နှင့် ဖားအံမြို့။

၁၉။ တရားသူကြီး၊ နယ်ပိုင်တရားမရုံးများ၊ မိတ္ထီလာမြို့နှင့် သာစည်မြို့။

၂၀။ တရားသူကြီး၊ နယ်ပိုင်တရားမရုံးများ၊ ရမည်းသင်းမြို့နှင့် ပျဉ်းမနားမြို့။

၂၁။ တရားသူကြီး၊ နယ်ပိုင်တရားမရုံးများ၊ မြင်းခြံမြို့နှင့် ပုဂံမြို့။

၂၂။ တရားသူကြီး၊ နယ်ပိုင်တရားမရုံးများ၊ သရက်မြို့နှင့် အောင်လံမြို့။

၂၃။ တရားသူကြီး၊ နယ်ပိုင်တရားမရုံးများ၊ မင်းဘူးမြို့နှင့် စလင်းမြို့။

၂၄။ တရားသူကြီး၊ နယ်ပိုင်တရားမရုံးများ၊ မကွေးမြို့နှင့် ရေနံချောင်း။
၂၅။ တရားသူကြီး၊ နယ်ပိုင်တရားမရုံးများ၊ တောင်တွင်းကြီးမြို့။
၂၆။ တရားသူကြီး၊ နယ်ပိုင်တရားမရုံးများ၊ ရွှေဘိုမြို့၊ ကန့်ဘလူမြို့၊ ရေဦးမြို့နှင့် မိုးကုတ်မြို့။
၂၇။ တရားသူကြီး၊ နယ်ပိုင်တရားမရုံးများ၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့။
၂၈။ တရားသူကြီး၊ နယ်ပိုင်တရားမရုံးများ၊ မန္တလေးမြို့၊ အမရပူရမြို့နှင့် မတ္တရာမြို့။
၂၉။ တရားသူကြီး၊ နယ်ပိုင်တရားမရုံး၊ မေမြို့။
၃၀။ တရားသူကြီး၊ နယ်ပိုင်တရားမရုံးများ၊ မုံရွာမြို့နှင့် ယင်းမာပင် (အောက်ချင်းတွင်း)။
၃၁။ တရားသူကြီး၊ နယ်ပိုင်တရားမရုံး၊ ကျောက်ဖြူမြို့။
၃၂။ တရားသူကြီး၊ နယ်ပိုင်တရားမရုံး၊ သံတွဲမြို့။
၃၃။ တရားသူကြီး၊ နယ်ပိုင်တရားမရုံး၊ ကျောက်ဆည်မြို့။
၃၄။ တရားသူကြီး၊ နယ်ပိုင်တရားမရုံး၊ မော်လိုက်မြို့။
၃၅။ တရားသူကြီး၊ နယ်ပိုင်တရားမရုံးများ၊ ကသာမြို့နှင့် ကောလင်းမြို့။
၃၆။ တရားသူကြီး၊ နယ်ပိုင်တရားမရုံးများ၊ ပခုက္ကူမြို့၊ ပေါက်မြို့နှင့် ဂန့်ဂေါမြို့။

မှတ်ချက်။ ။ အထက်တွင် မျဉ်းသားထားသည့် မြို့များသည် ရုံးထိုင်အရာရှိ၏ နေထိုင်ရာ ဌာနချုပ် ကို ဖော်ပြခြင်းဖြစ်သည်။

ရာဘက် ရာဇဝတ်တရားသူကြီး (အချိန်ပြည့်) ရာထူး ၃၄ နေရာ။

| | | | |
|---|---|---|---|
| ရန်ကုန် | .... | ၆ | |
| စစ်တွေ | .... | ၁ | |
| ပဲခူး | .... | ၃ | ညောင်လေးပင်မြို့၌တစ်နေရာ။ |
| သာယာဝတီ | .... | ၂ | ဇီးကုန်းမြို့၌တစ်နေရာ။ |
| အင်းစိန် | .... | ၁ | |
| ပြည် | .... | ၂ | ပေါင်းတည်မြို့၌တစ်နေရာ။ |
| ပုသိမ် | .... | ၃ | ကျုံပျော်မြို့၌ တစ်နေရာ။ |
| ဟင်္သာတ | .... | ၁ | |
| မြောင်းမြ | .... | ၂ | ဝါးခယ်မမြို့၌ တစ်နေရာ။ |
| မအူပင် | .... | ၁ | ညောင်တုန်းမြို့၌ ရုံးစိုက်သည်။ |
| ဖျာပုံ | .... | ၁ | ဘိုကလေးမြို့၌ ရုံးစိုက်သည်၊ |

| | | | |
|---|---|---|---|
| သထုံ | .... | ၁ | |
| မော်လမြိုင် | .... | ၁ | |
| တောင်ငူ | .... | ၂ | ဖြူးမြို့၌တစ်နေရာ။ |
| မန္တလေး | .... | ၁ | |
| မရွှေဘို | .... | ၂ | ရေဦးမြို့၌တစ်နေရာ။ |
| ထားဝယ် | .... | ၁ | |
| မြင်းခြံ | .... | ၁ | |
| ရမည်းသင်း | .... | ၁ | * |
| မြိတ် | .... | ၁ | |
| | | ၃၄ | |
| | | | စုစုပေါင်းရာထူး နေရာ ၇၀။ |

* တရားမတရားသူကြီး အာဏာများအပ်နှင်းရမည်။